**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် ( ၅၇ /၂၀၁၈)

ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်)

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇ ) အရသတ်မှတ်ဖော်ပြထားသည့်အခကြေးငွေနှင့် နှောင့်နှေးသည့်ပေးပို့တင်ပြခြင်းအတွက်နောက်ကျကြေး**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကြော်ငြာစာ၏ နောက်ဆက်တွဲ ဇယား (၁) တွင် သတ်မှတ် ဖော်ပြထားသည့် အခကြေးငွေများကို အဆိုပါ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ကိစ္စများနှင့် စပ်လျဉ်း၍ပေးဆောင်ရမည်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ ပုံစံ သို့မဟုတ် စာရွက်စာတမ်းတစ်ခုကို တင်ပြခြင်း သို့မဟုတ် ပေးပို့တင်ပြခြင်းအတွက် သတ်မှတ်ထားသည့် အချိန်တွင် လိုက်နာရန် ပျက်ကွက်သူတစ်ဦးဦးသည် ပုံစံသို့မဟုတ် စာရွက်စာတမ်းတင်ပြခြင်း သို့မဟုတ် ပေးပို့တင်ပြခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေအပြင် ဤအမိန့် ကြော်ငြာစာ၏နောက်ဆက်တွဲဇယား (၂) တွင် သီးခြား ဖော်ပြထားသော နှောင့်နှေး သည့် ပေးပို့တင်ပြမှုအတွက်သတ်မှတ်ထားသည့်နောက်ကျကြေးကို ပေးဆောင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာအရ အခကြေးငွေတစ်စုံတစ်ရာနှင့် နောက်ကျကြေး ပေးချေခြင်းကို မှတ်ပုံတင်အရာရှိကညွှန်ကြားသည့်နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

 အောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရက - ၁၀/၁ /၂၀၁၈ ( ၀၉၂၉၈ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ဇူလိုင်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်
ဤဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး
ရုံးလက်ခံ / မျှောစာတွဲ